
## တင်မိုး

ကဗျာ

# ခွပ်ဒေါင်းအလံဒေါ်ရာသို့ လွတ်မြောက်ရေးကဗျာများ



mgyoe.com
mgyoe.com

mgyoe.com

အဝေးရောက် ကဗျာဆရာကြီးတစ်ဦး
အဝေးမှာပဲ ထုတ်ဝေဖြန့်ချိခဲ့ရတဲ့
ရှားပါးကဗျာစာအုပ်လေးတစ်အုပ်
'စိတ်ခွန်အားပေး လွတ်မြောက်ရေးကဗျာများ'

TM0006
1,500.00KS

mgyoe.com

mgyoe.com

ခွပ်ဒေါင်းအလံဝေါ်ရာသို့ တင်မိုး
စာမျက်နှာ ၉၂ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၂ ခု-
ရွှေသင်္ဂဟာမြန်မာအသင်းစာကြည့်တိုက်-တောင်ကိုရီးယား၊
သုတ၊သဟာယစာကြည့်တိုက်-ဂျပန်၊
အာဟာရစာကြည့်တိုက်-ဂျပန် တို့ ထုတ်ဝေဖြန့်ချိသည့် ပထမအကြိမ်မူ၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# ခွပ်ဒေါင်းအလံခေါ်ရာသို့

(လွတ်မြောက်ရေးကဗျာများ)

တင်မိုး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ★ | ခွပ်ဒေါင်းပျိုတို့ရဲ့အိုးဝေသံ | ၅ |
| ၁။ | စာပေကောင်းကျိုး | ၇ |
| ၂။ | အမှန်သာ အောင်ပွဲ | ၈ |
| ၃။ | မနိုးသူတို့ပျောက်တဲ့ မိုးသောက်ရှုခင်း | ၉ |
| ၄။ | သက္ကရာဇ် ၂၀၀၀ မှာ | ၁၀ |
| ၅။ | ပျော် | ၁၁ |
| ၆။ | သားကလေးတို့ ကံကြမ္မာ | ၁၂ |
| ၇။ | ပြတင်းဝက အလင်းရလျက် | ၁၅ |
| ၈။ | စာပေသီလ | ၁၆ |
| ၉။ | အဖော်မဲ့ည | ၁၉ |
| ၁၀။ | တောင်ရိုးပျော် ဆရာတော်သို့ | ၂၁ |
| ၁၁။ | သန်းခေါင်ပန်း | ၂၄ |
| ၁၂။ | အရေးတော်ပုံ ခရီးသည် | ၂၅ |
| ၁၃။ | ရွှေပြည်ကြီး | ၂၈ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၄။ | ခွပ်ဒေါင်းအားမာန် | ၃၀ |
| ၁၅။ | လှေကလေး | ၃၁ |
| ၁၆။ | အဝေးရောက် တော်လှန်ရေးရဲဘော်တွေ | ၃၃ |
| ၁၇။ | လှေတစင်းနှင့် သီချင်းအထွေထွေ | ၃၆ |
| ၁၈။ | ဘယ်မှာလဲ ရောင်ခြည် | ၃၈ |
| ၁၉။ | တို့အရေး | ၃၉ |
| ၂၀။ | လူငယ်တွေရဲ့အနာဂတ် | ၄၁ |
| ၂၁။ | လွတ်လပ်မှုကို ငါချစ်တယ် | ၄၄ |
| ၂၂။ | အမြဲတမ်း | ၄၇ |
| ၂၃။ | သမိုင်းရေစီး | ၄၉ |
| ၂၄။ | ခွပ်ဒေါင်းအလံခေါ်ရာသို့ | ၅၀ |
| ၂၅။ | ကြာပန်းထာဝစဉ် | ၅၄ |
| ၂၆။ | စစ်မျိုးဆက် | ၅၅ |
| ၂၇။ | နွေပွဲတော်သို့ | ၅၆ |
| ၂၈။ | သမိုင်းတကွေ့ | ၅၇ |
| ၂၉။ | နိုးကြားသော ငါ | ၅၉ |
| ၃၀။ | လွတ်လပ်ပန်းတွေ ပန်ပါလေ | ၆၀ |
| ၃၁။ | ပြည်ပြေး | ၆၁ |
| ၃၂။ | ကဗျာချစ်သူ တဲ့ | ၆၃ |
| ၃၃။ | ခွပ်ဒေါင်းဇာတိမာန် | ၆၅ |
| ၃၄။ | မိုက်ဦးမည် | ၆၇ |
| ၃၅။ | သူပုန်အသံ | ၆၈ |
| ၃၆။ | တိုက်ပွဲမဆုံးသေး | ၇၀ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၃၇။ | ရာစုနှစ် | ၇၃ |
| ၃၈။ | ငှက်တိုင်းပိုင်သည် | ၇၄ |
| ၃၉။ | ရွက်သစ်တို့ရဲ့တက်ခေတ် | ၇၅ |
| ၄၀။ | ကာရန်ပျက်နေတဲ့ညများ | ၇၇ |
| ၄၁။ | ကိုယ် | ၇၉ |
| ၄၂။ | စစ်ကိုမလိုပါ | ၈၀ |
| ၄၃။ | မပြည့်စုံမှ ပြည့်စုံရ | ၈၁ |
| ၄၄။ | ကလော့မိုးနေး၏ အလှရွာ | ၈၂ |
| ၄၅။ | မြွေပွေး | ၈၃ |
| ၄၆။ | ဘယ်က ရဲဘော်လဲ | ၈၄ |
| ၄၇။ | စိတ်ကူးရွာမှ ပန်းနေကြာ | ၈၅ |
| ၄၈။ | ခွပ်ဒေါင်းခင်းတဲ့လမ်း | ၈၆ |
| ၄၉။ | ထာဝစဉ်နိုးကြားသူ | ၈၇ |
| ၅၀။ | စာပေဝတ်ရည် | ၈၉ |
| ၅၁။ | အလင်းတိုင်းပြည် | ၉၀ |
| – | စာရေးသူကိုယ်ရေးအကျဉ်း | ၉၁ |


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ခွပ်ဒေါင်းပျိုတို့ရဲ့အိုးဝေသံ

အမိမြန်မာနိုင်ငံမှာ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့လို့ သတ်မှတ်ပြီး စာပေပွဲတော်များ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလာခဲ့ကြတာ ဂျပန်ခေတ်မှ ယနေ့တိုင်အောင်။

သက္ကရာဇ် ၂၀၀၁ ခု၊ စာဆိုတော်အထိမ်းအမှတ်အဖြစ် ဒီ **'ခွပ်ဒေါင်းအလံ ခေါ်ရာသို့'** ကဗျာစာအုပ်ငယ်ကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့ **'အာဟာရ စာကြည့်တိုက်'**၊ နာဂိုယာမြို့ **'သုတ၊ သဟာယ စာကြည့်တိုက်'**၊ တောင်ကိုရီးယားနိုင်ငံ၊ ပူချွန်းမြို့ **'ရွှေသင်္ဂဟာ မြန်မာအသင်း စာကြည့်တိုက်'** တို့ ပူးပေါင်းပြီး မြန်မာစာပေ မြတ်နိုးသူများက စီစဉ်ထုတ်ဝေလိုက်ပါတယ်။

ကမ္ဘာ့နိုင်ငံ အနှံ့အပြားသို့ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီနှင့် လူ့အခွင့်

mgyoe.com

အရေးတိုက်ပွဲဝင် ရဲဘော်အပေါင်းတို့ကို အားသစ်လောင်းပေးလိုတဲ့ စေတနာအရင်းခံနဲ့ ဒီစာအုပ်ကို စီစဉ်ထုတ်ဝေလိုက်တာပါ။

ခွပ်ဒေါင်းအလံ၊ ခွပ်ဒေါင်းအသံဆိုရင် လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ နှစ်ထောင်း အားရ ကြိုဆိုခဲ့ကြတာ အလွန် အားရစရာ။

မြန်မာနိုင်ငံရဲ့ ထွန်းတောက်လာမယ့် အနာဂတ်ကို ကဗျာတွေနဲ့ နိမိတ်ဖတ်ပြီး စိတ်ဓာတ်ခွန်အားသစ်တွေကို တိုးတက်ကာ အောင်ပန်းပန်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။

ခွပ်ဒေါင်းပျိုတို့ရဲ့ အိုးဝေသံဟာ နိုင်ငံသစ် ရဲ့ မင်္ဂလာတေးသံပါ။



၁၅၊ ၁၂၊ ၂၀၀၁။
သေတ္တ၊ တိုရန်တို။
ကနေဒါ။

□

mgyoe.com

mgyoe.com

## စာပေကောင်းကျိုး

ဆရာဇော်ဂျီ၊ ငါမျှော်ရည်၍
အဥ္စလီ မျက်ကြုတ်၊ ချီ လက်အုပ်။

ဆရာဇေယျ၊ ငါ ဦးချ၍
အေးမြစာတ်ခံ၊ စာပေသံကို
ရောင်ပြန်ဆင့်ကူး၊ လက်စုံဖူး။

ဆရာမင်းသုဝဏ်၊ စာပေမွန်ကို
ဝန္ဒနာဦးခိုက်၊ လက်ကိုပိုက်။

စာပေပညာ၊ ရှိသေစွာလျှင်
လိုက်နာမှတ်သား၊ ဉာဏ်ဆင့်ပွားလျက်
တတ်အားသမျှ၊ ငါပြုစုခဲ့
ဉာဏ်နုပါသေး၊ ငါ့အရေးကို
ငါတွေး၍ပြင်၊ ငါသုတ်သင်ခဲ့
မစင်မကြယ်၊ မဖွယ်မရာ
တွေ့ရှိပါက၊ ပညာရစေ
ညွှန်ပြလေလော့...
စာပေကောင်းကျိုး၊ တို့မျှော်ကိုး။

၁၀၊ ၄၊ ၂၀၀၀။

တနင်္လာ နံနက်ခင်း။

mgyoe.com

# အမှန်သာ အောင်ပွဲ

အများအကျိုး၊ ဆောင်သယ်ပိုးခိုက်
လူဆိုးလူမိုက်၊ ဒုစရိုက်တို့
ရိုက်ပုတ်ငြင်းဆန်၊ အကျောက်အကန်
သည်းခံ... သည်းခံ၊ သည်းညည်းခံ။

အမှန်တရား၊ မထွန်းကားအောင်
တားလိုက်ဆီးလိုက်၊ စွမ်းကုန်ပိုက်ကြ
မိုက်သူမရဲ၊ ဗုန်းဗုန်းလဲလိမ့်
ရဲသူအောင်ပွဲ၊ လက်မှာမြဲလိမ့်
ဇွဲသန်ရဲမာန်၊ မလဲနိုင်တဲ့ တို့အောင်လံ။

လူ့သမိုင်းသည်၊ ခရီးရှည်၏
ရေရှည်တွေးရှု၊ စိတ်ရှည်မှုနှင့်
လူထုကောင်းအောင်၊ ဉာဏ်အရောင်ကို
တန်ဆောင်ဆီမီး၊ ထွန်းညှိပြီးနောက်
ခရီးမပျက်၊ ဆက်ချီတက်မှ
လက်နက်မမှန်၊ ပက်လက်လန်
အမှန်သည်သာ အောင်ပွဲခံ။

၂၃၊ ၁၁၊ ၁၉၉၉။
အင်္ဂါ နံနက်ခင်း။

mgyoe.com

mgyoe.com


## မနိုးသူတို့ပျောက်တဲ့ မိုးသောက်ရှုခင်း

မနက်တိုင်း
ကြယ်ကလေးတလုံး ပေါ်သည်။

မနက်တိုင်း
ကြယ်ကလေးကို မျှော်သည်။

ပေါ်လိုက်မျှော်လိုက်နှင့်
တိမ်တိုက်အောက်
တခါတလေ ပျောက်သွားတတ်သည်။

မိုးသောက်ချိန်ဆိုတာ အမြဲရှိသည်။
မိုးသောက်ချိန်နှင့် ငှက်ကလည်း
တွဲဖက် ဖြစ်သည်။

အရုဏ်တက်တိုင်း ငှက်တို့သီချင်း ဆိုသည်။
မနက်မိုးလင်းပေမဲ့
နိုးကြားပျင်းသူတို့မှာ
ဤရှုခင်း အမြဲပျောက်လိမ့်မည်။

၆၊ ၄၊ ၂၀၀၀။
ကြာသပတေး နံနက်ခင်း။

mgyoe.com

mgyoe.com


# သက္ကရာဇ် ၂၀၀၀ မှာ

ယုံကြည်ချက်ဟာ
ထက်မြက်တဲ့ ငါတို့လက်နက်။

မြင့်မြတ်မြင့်မား၊ ဝင့်ကြွားတဲ့ စိတ်ဓာတ်ဟာ
မနားမရပ်၊ တရစပ်ပစ်ခတ်နေတဲ့
ငါတို့သေနတ်။

မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးဟာ
ငါတို့အရေး၊ ငါတို့ပန်းတိုင်။

သက္ကရာဇ် ၂၀၀၀ မှာ
ဖက်ဆစ်တွေကို အောင်ရမယ်
အောင်ပန်း အောင်ဖူး၊ အောင်ညွှန့်ခူးကြမယ့်
တပ်ဦးက ရဲဘော်တွေ
ငါတို့ရဲ့အောင်သပြေ။

၂၄၊ ၁၊ ၁၉၉၉။
ဗုဒ္ဓဟူး နံနက်ခင်း။

mgyoe.com

mgyoe.com


## ပျော်

အဖေ့အိမ်မှာ
ဘင်ဂျိုတလက်နဲ့။

ကျောင်းမှာ
ကဗျာစာအုပ် တဖက်နဲ့။

မေတ္တာဟာ
ငါရဲ့အိမ်ပါ။

ရောင့်ရဲခြင်းဟာ
ငါရဲ့စည်းစိမ်ပါ။

အမောမပြိုင်တမ်း
တောမြိုင်လမ်းကလေး သာသာယာယာ
ပန်းကလေးတွေ ငှက်ကလေးတွေနဲ့
အတွေးဖွဲ့ ပျော်ဦးမှာ။

၅၊ ၄၊ ၂၀၀၀။
ဗုဒ္ဓဟူး ညဦးယံ။

mgyoe.com

mgyoe.com


# သားကလေးတို့ ကံကြမ္မာ

ငါက အောင်လံကိုင်ဆောင်ဖို့
နှင်းတောင်ပေါ် အတက်...

ငါ့သားက
အင်ဒိုနီးရှား ဆုမတ္တရကျွန်းဆွယ်
ရေလယ်သင်္ဘောမှာ ပက်လက်
မျက်ရည်စက်နဲ့ ဆက်သွယ်ပြီး
ကြီးကျယ်တဲ့ ရင်ထဲက ပဲ့တင်သံ
အပြန်ပြန်ရိုက်ခတ်
မီဒန်မြို့ဆေးရုံ ကမ်းခြေအစပ်မှာ
အမှတ်တရ သင်္ဂြိုဟ်ခဲ့ရတယ်။

နော်ဝေနိုင်ငံ ထိုင်းဘုန်းကြီးကျောင်းက
ခေါင်းလောင်းထိုးသံ
သားထံ ရောက်ပါစေသော်။

mgyoe.com

ကွာလာတန်ဂျွန်ကျွန်းကို သင်္ဘောအကပ်
မတ်တတ်က လဲကျ
အဖနဲ့မိသားစုကို စွန့်ခွာပြီး
ကောင်းရာသုဂတိ သွားလေသလား
နှင်းကြားက ဝိုးဝါးမှုန်
ငှါလက်တွေ တုန်လို့
သားရုပ်ပုံ မှန်းတဆဆနဲ့
မျက်ရည်တွေ ကျခဲ့ရတယ်။

သားတို့လို လူငယ်များ
နိုင်ငံရပ်ခြားမှာ ဆင်းဆင်းရဲရဲနဲ့
ရင်ကွဲနာကျ အလုပ်လုပ်နေရရှာတဲ့
မြန်မာလူငယ်တွေရဲ့ဘဝ
ရင်နာစရာ ကောင်းလှတယ်။

အမိနိုင်ငံက မပျိုးထောင်နိုင်လေတော့
မခိုင်မာ မရေရာတဲ့ အနာဂတ်
သူများအရပ်မှာ ခိုကပ်ပြီး
ခြေနင်းဖတ်သဖွယ် မျက်နှာငယ်ရတဲ့
မြန်မာလူငယ်ကလေးတွေ
ပြေးစရာ မြေမရှိရှာပါကလား။

mgyoe.com

သူများနိုင်ငံတွေမှာတော့၊ မျိုးဆက်သစ်မှန်ရင်
ရှင်သန်အောင်ရေလောင်း
ကျောင်းတက်လိုက် ခရီးထွက်လိုက်နဲ့
မျက်နှာကလေးတွေ တရွှင်လန်းလန်း
လူငယ်ပန်းပွင့်လိုက်ကြ။

ငါတို့နိုင်ငံသား
လူငယ်များမှာတော့
ရေရှား မိုးရှား၊ ပညာတံခါးတွေပိတ်
မျက်စိတွေပိတ်၊ နားတွေပိတ်
တိရစ္ဆာန်သဖွယ်
မျက်နှာဆီးရှက်လောက်ငယ်လို့
အရွယ်နဲ့မမျှ
သေပန်းပွင့်ကြရရှာတယ်။

ကိုယ့်မွေးရပ် ကိုယ့်နိုင်ငံက
ဘူမိနက်သန်မဟုတ်လေတော့
သုသာန်မြေပြောင်းပြီး
ကောင်းရာဘုံ မြန်းကြလေရော့သလားကွယ်။

(မြန်မာနိုင်ငံသား လူငယ်များအားလုံးကို ရည်စူးဖွဲ့ဆိုပါတယ်)

၂၆၊ ၁၁၊ ၁၉၉၉။
သောကြာ နံနက်ခင်း။

mgyoe.com

mgyoe.com


## ပြတင်းဝက အလင်းရလျက်

ငါ့ပြတင်းက
အလင်းသန့်သန့်၊ လေညှင်းသန့်သန့်
သင်းရနံ့။

လွတ်လွတ်လပ်လပ်၊ တိုက်ခတ်ညင်သာ
သန့်စင်ပါ၏။

ငါ့ပြတင်းကို
အလင်းမမြင်၊ လေမဝင်အောင်
ချွင်ချွင်လက်ထိတ်၊ လာ၍ပိတ်၏။

အလင်းရောင်မရ၊ သတင်းမှောင်ချ
အဆင်းအရောင်မလှ
ညပြီးတော့ ည။

အိပ်လို့မရ၊ ပိတ်ဆို့ကြလည်း
စိတ်တို့ကတော့ လွတ်မြောက်လျက်
ပြတင်းပေါက်က ထွက်။

**၈၊ ၁၂၊ ၁၉၉၉။**
**ဗုဒ္ဓဟူး နံနက်ခင်း။**

mgyoe.com

mgyoe.com

# စာပေသီလ

ငါ
စာပေနှင့် တွေ့သော်
မွေ့မွေ့လျော်လျော်
ပျော်၏။

စာပေနှင့် မတွေ့သော်
တအောက်မေ့မေ့နှင့်
ခြောက်သွေ့ညှိုးလျော်
ငါ မပျော်။

ငါ့ အချစ်သည်
အနှစ်ရတနာ၊ စာပေသာ။
ငါ့ နှလုံးသည်
စာပေပန်းကုံး၊ ကြိုင်လှိုင်တုန်း။
ငါ၏ဉာဏ်သည်
ဂန္ထ္ထ္ထရ၊ စာလောက၌
မွှေဖွသုံးသပ်၊ ဆုံးဖြတ်ဝေဖန်
ချင့်ချိန်ဉာဏ်။

စာအုပ်သည်
ငါ၏ ကဗ္ဗျာတပုဒ်။

mgyoe.com

စာအုပ်နှင့်ကင်း၊ ပြတင်းမရှိ
အလင်းမသိ။

စာအုပ်နှင့်ဝေး၊ ပျံ့မွှေးရနံ့
ရှိုက်အံ့သောငှာ၊ ပန်းမာလာ မရှိ။

ငါ့ကို ထောင်သွင်း၊ အကျဉ်းချလည်း
စာစ ပေစ၊ ဖတ်ခွင့်ရမှု
အကျဉ်းချသည် မမည်။

အစားအသောက်ဆင်းရဲ
အနေမွဲသည်ကို သည်းခံနိုင်၏။

အသိဆင်းရဲ၊ စာပေမွဲသည်ကို
သည်းခံနိုင်ရည်မရှိ။

တသက်လုံးလုံး၊ ရှာမဆုံးသည့်
စာတုံးစာခဲ၊ ပညာခဲကို
မှီဝဲနှုပ်ဖျူး သက်ရှည်လို၏။

စာပေသည်သာ၊ မသေရာတည့်
ရတနာအမြုတေ။

mgyoe.com

mgyoe.com

သာမန်လူသား၊ ငါပါတကားဟု
တရားအသင့်၊ သိခွင့်ရအောင်
စာက ဆောင်သော်
ထောင်လွှားလိုစိတ်လည်းမရှိ။

တလက်ခုပ် တလက်ဆွမ်း
ငါစွမ်းနိုင်သမျှ၊ လူ့လောကကို
အတ္တ ပရ၊ အကျိုးမျှ၍
သုခချမ်းသာ၊ ဆောင်လိုပါ၏
ငါမှတပါး၊ အများပါဝင်
လောကပင်တည့်
ငါလျှင် မြူမှုန်တစက်မျှ။

အလိမ္မာ စာမှာရှိသတဲ့
အသိတရား၊ တိုးပွားလိမ္မာ
စိတ်ချမ်းသာအောင်
ငါနေချင်သည်၊ ကျင့်ချင်သည်။
ပျော်ဖွယ်ကောင်းသည့် လူ့တိုင်းပြည်။

၁၅၊ ၄၊ ၂၀၀၀။
စနေ နံနက်ခင်း။ သကြံန်အတက်နေ့။

mgyoe.com

mgyoe

## အဖော်မဲ့ည

ညရဲ့နိမိတ်က
တိတ်ဆိတ်ချောက်ချား။ စိတ်ဗျာမျှားခြင်း။

ငှက်တွေလည်း အိပ်တန်းတက်
ဇီးကွက်တကောင်သာ
ပြူးကြောင်ကြောင်ထင်နဲ့ အိပ်မရ
စိတ္တဇ ဖြစ်နေရှာတယ်။

ညမှာ ကြားရတဲ့ ခြေသံ
နှင်းကျဟန် ဆိုပေမဲ့
တောင်ပြိုသံ တော်လဲသံ ထင်တယ်။

သစ်ရွက်ကလေးတရွက်အပေါ်
တစက်စက်ကျတဲ့ မိုးရေသံကိုပဲ
ရင်မှာ မှန်နေသလိုလို။

mgyoe.com

ညရဲ့ဖော်မဲ့အတွေးတွေက
ကလေးစိတ်လို အားငယ်
နုနယ်လွန်းလှတယ်။

ညဟာ ညမို့
မလှနိုင်တာ သိပါတယ်။

၂၉၊ ၁၁၊ ၁၉၉၉။
တနင်္လာ ညခင်း။

mgyoe.com

mgyoe.com


## တောင်ရိုးပျော် ဆရာတော်သို့

တို့ရဲဘော်ကြီး ဦးသာနိုး
စစ်ကိုင်းတောင်ရိုးမှာ ဒုလ္လဘရဟန်းခံသတဲ့
ဒီသကြံန်ရဲ့ မော်ဒန်သတင်းတခုပါ
သာဓု... သာဓု... သာဓု။

ဗုဒ္ဓရဲ့အနတ္တအလံကို
မှန်မှန်ကန်ကန် သိမြင်အောင်
ကိုယ်တွေ့ကျင့်စဉ် ကျင့်ဖို့လေလား။

အများအမြင်မှာတော့
ဟားချင်လည်း ဟားမှာပေ့ါ
ဗုဒ္ဓတရားနဲ့ မော်ဒန်ခေါင်းဆောင်
ဘယ်လိုလုပ် ကြောင်တာလဲလို့
နားမလည်အောင် ဖြစ်ကြမယ်။

mgyoe.com